# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ၁၃ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၁–၂–၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်များထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၆။ ကြိုယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစောထွဋ်ခေါင်လွင်၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်၏ **မြေအောက် ဓာတ်သတ္တုများ၊ သစ်တောထုတ်လုပ်မှုများကို လာရောက် လုပ်ကိုင်နေကြသော တရားဝင်/မဝင် ကုမ္ပဏီများမှ ထုတ်ယူ သယ်ဆောင်သွားခြင်းအတွက် အစိုးရမှ နှစ်စဉ် နိုင်ငံတော် ဘဏ္ဍာငွေ ရရှိမှု၊ သုံးစွဲမှု** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများအနေဖြင့် တရားရုံးတွင် သက်သေခံ ထွက်ဆိုရန် အတွက် ထုတ်ဆင့်လိုက်သော တရားစွဲအဖွဲ့အစည်းများမှ တာဝန်ရှိ ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းဆရာဝန်များ ပျက်ကွက်တိမ်းရှောင်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ရှိ/မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၁)ဖြင့် မြန်မာဂြိုလ်တုလွှတ်တင်ရေး လုပ်ငန်း ကော်မတီ တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသော်လည်း “ အာကာသဆိုင်ရာ အစိုးရအဖွဲ့အစည်း(Space Agency)”ကို ဖွဲ့စည်း ပြီး/မပြီး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းညွန့်၊ သင်္ဃန်းကျွန်း မဲဆန္ဒနယ်၏ **၂၀၁၄ ခုနှစ်တွင် B-Tech (ခေါ်) နည်းပညာအင်ဂျင်နီယာဘွဲ့သင်တန်းနှင့် B.E (ခေါ်) နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်းအတွက် Entrance (ဝင်ခွင့်) များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခင်မောင်သိ၊ လွိုင်လင် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့တွင် ဖွင့်လှစ်ထားသည့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်လုံ) ကျောင်းဝင်းခြံစည်းရိုး အုတ်တံတိုင်း ကာရံပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခမိုင်မုံကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၏ **ဆွမ်ပရာဘွမ်မြို့နယ်တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် တာဝန်ကျသော ဌာနဆိုင်ရာများမှ ပြည်သူများကို ကြည့်ရှုစောင့်ရှောက်ရာတွင် ပူးပေါင်းအသုံးပြုနိုင်ရန် Pajero နှစ်စီး၊ Four Wheel နှစ်စီးနှင့် မီးသတ်ကား တစ်စီးအား စီစဉ်ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်အစိုးရ၏ ရဲတပ်ရင်းအမှတ်(၃၂) တည်ဆောက်ရန် အသုံးပြုခွင့် ပေးထားသော မြေ(၂၀၂.၂၀)ဧက** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **“အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **“ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။